**(၈) မြစ်ဆွေးမြစ်ခြောက်ရောဂါ (Dry Root rot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Rhizoctonia bataticola* (Taubenh.) E. J. Butler**

**ရောဂါလက္ခဏာများ**

အပင်များအကွက်လိုက်ရုတ်တရက်ခြောက်လာသည်။ အောက်ရွက်များ အညိုရောင်ပြောင်း နေတတ်သည်။ တစ်ပင်လုံးခြုံကြည့်လျှင် ကောက်ရိုးခြောက်ရောင်ပြောင်းနေပြီး အပေါ်ရွက်ရိုး တံများ ငိုက်နေတတ်သည်။ အပင်အားဆွဲနှုတ်ကြည့်ပါက ရေသောက်မြစ် အောက်ပိုင်း သည်သည် မြေကြီး ထဲတွင် ပြတ်ကျန်နေခဲ့သည်။ ရေသောက်မြစ်သည် ညိုမည်းပြီးပုပ်နေကာ မြစ်မွေးများ ကင်းမဲ့နေတတ်သည်။ ခြောက်သေနေသောအမြစ်ပိုင်းသည်လည်း အနည်းငယ် ကျွတ်ဆတ်နေပြီး အခေါက်များ ဖွာနေတတ်သည်။ သေးငယ် မည်းနက်သော စကလိုရှား အလုံးငယ်များကို အပင် ခြေရင်းအတွင်းပိုင်းတွင် တွေ့ရတတ်သည်။ ပင်ခြေရင်းသည် ခြောက်၍ကွဲအက်ပါက အတွင်း ပိုင်းတွင် အဖြူရောင်မှိုမျှင် များ ကို တွေ့နိုင်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- မျိုးစေ့/မြေ ဆောင်ရောဂါဖြစ်သည်။
- ခံနိုင်ရည်ရှိသောမျိုးကိုအသုံးပြုပါ။
- ရောဂါကင်းသော၊ ကျန်းမာသန်စွမ်းသောမျိုးစေ့ကိုစိုက်ပျိုးပါ။
- ထယ်နက်နက်ထိုးထားပြီးနွေထယ်ရေးခံပါ။
- ပင်ကြွင်းပင်ကျန်များကိုဖယ်ရှားဖျက်ဆီးပါ။

- ထရိုင်ကိုဒါးမား မှိုကိုမြေပြင်စဉ်တွင် ထည့်သွင်းအသုံးပြုပါ။
- မျိုးစေ့ဆောင်ရောဂါအတွက်မျိုးစေ့လူးနယ်မှိုသတ်ဆေးတစ်မျိုးမျိုး ဖြင့် လူးနယ် စိုက်ပျိုးပါ။
- ရောဂါနှစ်စဉ်ဆက်တိုက်ကျရောက်ပါက ပဲမျိုးစုံ မဟုတ်သော အခြား သီးနှံ များနှင့်သီးလှည့် စနစ်ဖြင့် အနည်းဆုံး **(၃-၄ )**နှစ်ခြား၍ စိုက်ပါ။
- ရောဂါကျရောက်ပါကအောက်ပါမှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် အပင်ခြေရင်းသို့ရွှဲရွဲ ပက်ဖျန်းပါ။

  **Thiophanate methyl** (သိုင်အိုဖါနိတ်မီသိုင်း)

  **Tebuconazole** (တက်ဗျူကိုနာဇိုး)

  **Propiconazole** (ပရိုပီကိုနာဇိုး)

  **Validamycin** (ဗယ်လီဒါမိုက်ဆင်)

  **Captan** (ကက်ပ်တန်)

  **Hymexazol** (ဟိုင်မီဇာဇိုးလ်)